ဝန်ဂင်း
Read on the move

သျှင်မ

# နေ့ရက်ဆက်ပဲ ချစ်ပါသည်



# အခန်း (၁)

ကုန်တွေ အပြည့်အသိပ်နှင့် လူတွေကတော့ ဖြစ်သလိုထိုင်လျက် နောက်လန် တချို့ တချို့က ပက်လက်၊ အားလုံးကိုဝေ့ကြည့်ကာ အရှိန်နဲ့ တစ်ချက် တစ်ချက် ပစ်ဆောင့်ခံနေရသည့် ကျောအောင့် သည့်ဝေဒနာ၊ ခြေတွဲလွဲချထားသဖြင့် အိတ်ကြိုအိတ်ကြားမှာ ညပ်နေသလို ထုတ်မရ၊ လှုပ်မရဖြစ်နေ သည့် ဒုက္ခ၊ ဘယ်လိုနေနေ နေမထိ ထိုင်မသာဖြစ်နေသော်လည်း ပပ မညည်းညူမိအောင် တင်းနေရ သည် ။

ဒီလမ်း . . ဒီခရီးမျိုးကို လူရယ်လို့ ဖြစ်လာကတည်းက ဘယ်တုန်းကမှ မသွားခဲ့ဖူးပေ။ မန္တလေးနဲ့ ရန်ကုန်ကို ရထားနဲ့ ပဲသွားသွား၊ လေယာဉ်နဲ့ ပဲ သွားသွား၊ ကားနဲ့ သွားမယ်ဆိုရင်လည်း ဆိုဖာအိအိ အဲယားကွန်း စိမ့်စိမ့်နဲ့ ငြိမ့်ငြိမ့်လေးရောက်သွားနိုင်တာပဲ။

ခုကျတော့ ကုန်ပစ္စည်းတွေ အပြည့်အကျပ်တင်ပြီးတဲ့ ကြားထဲမှာ မှ ကိုယ့်ပစ္စည်းတွေ ကိုယ် စောင့်ရှောက်ရင်း ဖြစ်သလိုလိုက်နေကြသော ကုန်သည် ၊ ဈေးသည် တွေ ဟိုနဲ့ ဒီ ကားခ ချိူချို ချောင်ချောင်နဲ့ မို့ တစ်နိုင်တစ်ပိုင်ပစ္စည်းတွေကို တိုးကြိတ်တင် လုယက်တက်စီးကြသည့် ဈေးသည် မဟုတ်သော လူတွေ . . .

အားလုံးရဲ့ ကြားမှာ သရီးစတက်ဆံပင်အထပ်ဝဲဝဲ ကုပ်ဝဲလေးနှင့် စလင်းဘက်တစ်လုံး လွယ်ထားသော ပပအဖြစ်မှာ သံတန်းကို ဆုပ်ကိုင်ထားသော လက်ဝါးနှင့် အိတ်တွေကြားထဲ ညပ်နေ ရသည့်

ခြေသလုံးဖြူဖြူညက်ညက်ကလေးတွေမှာ တစ်စုံတစ်ခုနှင့် ဖိကပ်နာကျင်နေသော နေရာ တိုင်းမှာ နီရဲညစ်ပုပ်ကာ သွေးခြည်ဥနေပြီ။

နောက်မှာ ကားဘော်ဒီနှင့် မှီကပ်ထားသဖြင့် ကားတစ်ချက်ဆောင့်ခါလိုက်တိုင်း လူကို ကိုင်ရိုက်ထားသလိုဖြစ်ကာ ကျောတစ်ပြင်လုံးလည်း အောင့်တက်နာကျင်နေခဲ့ပြီး မန္တလေးရွှေမြို့တော်ကြီးမှ မသိသူ မရှိလောက်အောင် ချမ်းသာကြွယ်ဝသော မြို့မျက်နှာဖုံး ဦးမာဃ၊ ဒေါ်မျိုးမြတ် ကြွယ်တို့ ရဲ့ ဒုတိယအငယ်ဆုံးသမီး ပတ္တမြားကြုတ်ဆိုသော မိန်းကလေးတစ်ယောက်ကို လေကြောင်း ကုန်းကြောင်းမှာ လူတွေ အသည်းအသန် ရှာဖွေနေချိန်တွင် ပတ္တမြားကြုတ်ဟာ လွန်စွာ ကြမ်းတမ်းသော တောင်တက်လမ်းတစ်ခုကို ဖြတ်သန်းနေသည့် စုတ်ပြတ်ချိုင့်ပိန်နေသော ကားပေါ် မှာ ဆိတ်တွေ၊ မြင်းတွေကြား၌ ဖြစ်သလို ခွေခေါက်လိုက်ပါနေလိမ့်မည်ဟု ဘယ်သူမှ ထင်ကြလိမ့် မည်မဟုတ်ပေ။

ပတ္တမြားကြုတ် . . .

မိဘနဲ့ သူငယ်ချင်း မိတ်ဆွေအားလုံးကတော့ ပပလို့ ခေါ်ကြသည် ။ ပပလိုချင်တာ ဒီအဖြစ်ကို ပဲ ဖြစ်သည် ။

ရှာကြပစေ . . .

တစ်သက်လုံးက မိဘရင်ခွင်ထဲမှာ ရင်အုပ်မကွာ လိမ္မာနေခဲ့ပေမယ့် ခုချိန်မှာ တော့ ပပ ဘယ်လိုမှ မလိမ်မာနိုင်တော့သည့် အဖြစ်အတွက် ဘဝကိုပုံ၍ စွန့်စားထွက်ခဲ့ခြင်းဖြစ်သည် ။

မေမေတို့ ယူဆသလို ဘဝတစ်ခုမှာ မျိုးရိုးဇာတိနဲ့ အဆင့်အတန်းက အသက်ထက် အရေးကြီးသလား . . .

“အရေးကြီးတယ်သမီး၊ သမီးရဲ့ ဘိုးတော်အဆက်ဆက်ဟာ နေမျိုးဗလဘွဲ့ရ စစ်သူကြီး မျိုးနွယ်တွေ၊ အစဥ်အဆက်စောင့်ထိန်းခဲ့ကြတဲ့ မေမေတို့ ရဲ့ မျိုးနွယ်ဂုဏ်ကို ဘာအတွက်နဲ့ မှ အထိမခံ နိုင်ဘူး၊ သမီး အစ်မဆိုလည်း ချစ်သူရှိခဲ့တာပဲ၊ ဒါပေမဲ့ အမေတို့ က မျိုးနွယ်တူချင်း လက်ဆက်ပေးခဲ့ ကြတာကို သူနာခံတယ် . . . မေမေတို့ ရဲ့ မျက်စိအောက်မှာ ပဲ လိမ်မာစွာ နေခဲ့တယ် . . .”

“သမီးက အခု ချစ်သူတောင်မှ မထားခဲ့ပါဘူး မမေ . . ဒါကို မမရဲ့ ယောက်ျားနဲ့ လက်ထပ် ပေးမယ်ဆိုတာက သမီးဘက်က နစ်နာလွန်းပါတယ်”

“အဲဒါလည်း စောင့်လေမျိုးနွယ်ဆိုတဲ့ သားသမီးဝတ်တစ်ခုပဲ သမီး . . . သမီးမှာ တူမလေး တစ်ယောက် ကျန်ခဲ့တယ် . . . ဒီကလေးကို မိထွေးလက်ထဲ အပ်မခံနိုင်ဘူး”

“သမီးတို့ ခေါ်ထားမှာ ပေါ့ မေမေ”

“ဖအေက မေမေတို့ ထက် ချမ်းသာတဲ့ ဥစ္စာ၊ သူ့သမီးကို ပေးထားမလား သမီး၊ ပြီးတော့ သမီးငယ်က သမီးကြီးထက် လှတယ် . . . နာမည်ကြီးတယ် . . . မဟုတ်တဲ့ မျိုးရိုးက ဟာတွေနဲ့ မေမေတို့ ပေါင်းစည်းမခံနိုင်ဘူး၊ မောင်စည်ဟိန်းက လူပျိုမဟုတ်ပေမယ့် သမီးထက်လည်း အသက်သိပ်ကြီးတာ မဟုတ်ဘူး . . . ပြီးတော့ ကိုယ့်အစ်မယောက်ျား . . .”

“ဟင့်အင်း . . . မေမေ၊ မမဆုံးသွားတာနဲ့ ပဲ . . ခဲအိုကို သမီး မယူနိုင်ဘူး”

“သမီးမှာ ချစ်သူရှိလို့ လား”

“မရှိပေမယ့် ကိုစည်ဟိန်းကိုတော့ မယူနိုင်ဘူး မေမေ”

ဘယ်လိုပြောပြော မေမေက လက်မလျှော့သွားခဲ့ပေ။

“ကောင်းပြီ သမီး၊ မေမေကလည်း သမီးအပျိုလေးမို့ ဇွတ်တော့ မစီစဉ်ချင်ပါဘူး၊ သမီး တူမလေးကို ငဲ့ပြီး လက်ခံခဲ့မယ် ဆိုရင်တော့ အားလုံးအဆင်ပြေသွားမယ်လို့ ထင်ခဲ့တာပေါ့၊ ထားပါတော့လေ . . .မေမေက သမီးသဘောပါပဲ . . . ဒီကိစ္စကို ဇွတ်မလုပ်ဘူး . . . ဒါပေမဲ့ သမီး အခု ကျောင်းပြီးသွားပြီ . . သမီးကို မေမေ သဘောကျတဲ့ ဒီပြင်တစ်ယောက်နဲ့ လက်ထပ်ပေးမယ်၊ အဲဒါကို ငြင်းခွင့်မရှိဘူး”

“ရှင် . . .”

“ဟုတ်တယ် . . မေမေတို့လိုပဲ မျိုးနွယ်တူ၊ မေမေတို့ ဟာ မျိုးရိုးဂုဏ်ကို အသက်ထက် တန်ဖိုး ထားကြတယ်သမီး . . . သမီးတို့ လူငယ်တွေစိတ်ကြိုက် အိမ်ထောင်ဘက်ကို နှလုံးသားနဲ့ ရှာဖွေခွင့် မပြုနိုင်ဘူး”

မေမေ့ကို ပြန်လှန်ငြင်းပယ်နိုင်စွမ်း မရှိခဲ့ပါ။

ဒီကိစ္စမှာ ဖေဖေပါလာလျှင် ပို၍ ဆိုးတော့မှာ မို့ ဘယ်ဘက်ကမှ ခေါင်းညိတ်နိုင်ဖွယ်မရှိသော မေမေ့ရဲ့ အစီအမံများကြားမှ ပပထွက်ပြေးလာခဲ့မိခြင်း ဖြစ်သည် ။

ပပဟာ ငယ်ငယ်ကတည်းက ဂျစ်ကန်ကန်လေးတဲ့ . . .

မမက ရွှေကြုတ်၊ ပပကိုကျတော့ ပတ္တမြားကြုတ်လို့ ပေးခဲ့တာက မွေးကတည်းက ငိုလိုက်လျှင် တစ်ကိုယ်လုံး ရဲတွတ်ညိုပုပ်လာအောင် ငိုတတ်ခြင်း၊ ငိုပြီးလျှင် အလွယ်တကူ ချော့မရ တတ်ခြင်းများကြောင့်ဖြစ်ကာ၊ ပပက မမထက်လှပေမယ့် မမမျက်နှာလောက် မအေးချမ်း၍ ပါဟု ပြောခဲ့ကြသည် ။

ရွှေကြုတ်ရဲ့ မျက်ခုံးတွေက စိမ်းဖျော့ဖျော့လေး . . .

ပတ္တမြားကြုတ်ဆိုသည့် ပပရဲ့ မျက်ခုံးတို့ က ထူထဲနက်မှောင်နေသည် ။

ရွှေကြုတ်ရဲ့ မျက်ဝန်းလေးတွေက ညိုရီနူးညံ့သလောက် ပပမျက်ဝန်းတွေက ပြာလဲ့စူး တောက်နေခဲ့သည် ။

အများ ရဲ့ နှိုင်းယှဉ်ချက်များကြားမှ ပပဟာ ဂျစ်ကန်ကန်လေးမို့ မတ္တမြားကြုတ်ဖြစ်ခဲ့ရပါ သည် ။ဒါပေမဲ့ ဒီနေ့ရဲ့ တစ်ရက်အလိုအထိ ပပ မေမေတို့ စကားကိုဆို မလွန်ဆန် မရိုင်းစိုင်းခဲ့ဖူးပါ။

ကိုယ်ထင်ရာဆို ပက်ခနဲ ထထပြောတတ်ပေမယ့် ကလန်ကဆန် ထင်ရာလုပ်တတ်ခဲ့တာ မရှိ။

သို့သော် . . .

ပထမဆုံး စိတ်ထင်ရာလုပ်ခဲ့မိသော ခရီးမှာ တော့

"ဟာ . . . ဟိုကားက ဘာလဲကွ"

"ဆွဲ ဆရာ . . တောင်ဘက်ကို လုကပ် . . . ကပ်"

"ဂျိမ်း . . ."

"အမလေး . . ."

"အား"

တန့်ကြည်တောင်က အထွက်တွင် တောင်ခါးပန်းကိုပတ်၍ အရှိန်နှင့်ဆင်းချလာသော ကား တစ်စီးနှင့် ဘေးချင်းပွတ်ချိတ်ကာ ဘေးက ချောက်ကမ်းပါးထဲ ထိုးကျမသွားသော်လည်း ပပတို့ ကား က တောင်ကို ဦးတိုက်ဆောင့်ကာ ကားနဲ့ တောင်ကြားမှာ အဖြစ်ဆိုးသွားခဲ့လေသည် ။

ပပသည် ကြောက်လန့်စိတ်ကြောင့် မျက်လုံးတွေပြာလာကာ ခေါင်းကို တစ်စုံတစ်ခုနဲ့ ပြင်းစွာ ထိခိုက်မိလိုက်ပြီကို နောက်ဆုံး သိရှိခဲ့ပြီး . . .

* * *

# အခန်း (၂)

"ခဏလေး . . . ခဏလေး"

စက်မှုတစ် လမ်းမကြီးရဲ့ ပလက်ဖောင်းပေါ်မှာ

ကိုယ့်မှာ က ဆိုင်းထမ်းကြီးနဲ့ အလေးအပင်နဲ့

ရှေ့ကသွားနေတဲ့ ကိုးရိုးကားရား အမျိုးသမီးတစ်ယောက်က ဘေးလည်း ကပ်မလျှောက် . .

ပြောတော့လည်း ဂရုမစိုက် . . .

"ရှေ့ကဗျို့ . . ခဏလေး ဖယ်ပေးစမ်းပါ . . ဒီမှာ အလေးကြီး"

သူ့မှာ ဆိုင်းထမ်းကို ထိန်းရင် စောင့်စားနေရပေမယ့် အမျိုးသမီးကလှည့်၍ ပင် မကြည့်ဘဲ တစ်စုံတစ်ရာကို စားသောက်ရင်း အေးဆေးစွာလျှောက်နေပြီး

"တောက် . . ."

ဆက် ဒေါသဖြစ်ဖြစ်နှင့် တက်တစ်ချက်ခေါက်၍ ဆိုင်းထမ်းကို ထိန်းကာ အတင်းကျော်တက် ပစ်လိုက်၏။

"အမလေး . . ."

ပူချစ်တောက်နေသော ကြာဆံဟင်းခါးအိုးနဲ့ ပွတ်ကပ်မိသွားကာ ဆိုင်းထမ်းကိုင်းများ နှင့်ပါ ခိုက်မိသဖြင့် ပပ ယိုင်ထိုးသွား၏။

လက်ထဲက မုန့်ထုပ်လေးလည်း လွတ်ကျသွားလေသည် ။

"ကြည့်စမ်း . . . လူတစ်ယောက်လုံးကို နောက်ကနေ ပစ်ပစ်ခတ်ခ တ်ကြီး ဝင်တိုက်တယ်၊ ဒီမှာ ဈေးသည် . . . ရှင် ရိုင်းလှချေလားဟင်"

ပပက အပူလောင်သွားသည့် ပေါင်ကိုပွတ်ကာ ခေါက်ဆွဲတွေ၊ ကြာ ဆံတွေ တင်ထားသည့် နောက်က ဆိုင်းထမ်းကို မရမက လှမ်းဆွဲထား လိုက်၏။

"ဟာ . . . ဘာလုပ်တာလဲ"

ဆိုင်းထမ်းကြီးနဲ့ ဒယိမ်းဒယိုင် ဖြစ်သွားသဖြင့် ဆက် နောက်ပြန်လှ ည့်သည် ။ ပခုံးပေါ်က ဆိုင်းထမ်းကို ချထားလိုက်ရတော့သည် ။

ဒီလောက် နောက်ကနေ အော်နေတာကို ဂရုမစိုက်ဖယ်မပေးဘဲ သူ ကပဲ တစ်ပြန်ကြီး အထမ်း ကိုချ၍ မျက်နှာချင်းဆိုင်ရပ်သည် ။

မိန်းမလို မိန်းမရပဲ ပြောပြော၊ ယောကျ်ားလည်း ဒေါသဖြစ်တာပဲ . . . တိုနံ့နံ့ဆံပင်ကို နောက်မှာ မရအရ စုချည်ထားသည့်မျက်နှာပေါ်မှာ ဟို တစ်စ ဒီတစ်စ ပွရှုကျနေသော ဆံပင်နီကြင် ကြင်များ နှင့် မည်းညစ်ည စ် ကုလားမရုပ်နဲ့ မိန်းမရှေ့မှာ ခါးထောက်လိုက်ပြီးသား ဖြစ်သွား၏။

သို့သော် သူ ပါးစပ်ပြင်ရုံသာရှိသေးသည် ။

"ရှင်ကဘာလဲ . . . ငါ့မှာ အလေးအပင်ကြီးနဲ့ ဖယ်ရင်ဖယ် မဖယ်ရင် တိုက်မှာ ပဲဆိုတဲ့ သဘောနဲ့ လူပါးဝလိုက်တာလား . . . နောက်ကနေ ဝ င်တိုက်တာ ဘယ်လောက် အပြစ်ကြီးတယ် ဆိုတာ ရှင်မသိဘူးလားဟင် "

"အံမာ သူကပဲ ဦးအောင်ပြောနေသေးတယ် . . နောက်ကနေ တကြော်ကြော်အော်ပြီး ဖယ်ခိုင်းနေတာကျတော့ မင်း နားပင်းနေသ

လား”

“ဟုတ်”

သူ ဆိုင်းထမ်းကို လှည့်ကြည့် နောက်ကနေ အသံပေးကြောင်း ပြော နေစဉ် ပပက သူ့ပါးစပ်နဲ့ သူ့လက်ဟန်ခြေဟန်ကို တစ်ချက်မှ အလွတ်မ ပေးဘဲ ပြူးပြဲလိုက်ကြည့်နေလျက် . . .

“ရှင်က ကျွန်မကို နားပင်းနေတယ်လို့ ပြောလိုက်တာပေါ့”

“မင်းကြားတဲ့ အတိုင်းပဲ”

“ဟမ် . . . ဘာရယ်”

“ဟ . . တကယ် နားပင်းနေသလားမသိဘူး . . ပြဿနာပဲ”

သူ ခပ်တိုးတိုးခေါင်းကုတ်ပြောမိတော့

“ဟုတ်တယ် . . တကယ်ပင်းနေတာ . . အဲဒါကြောင့် ပြဿနာဖြစ် တာပဲ”

“သြော် . . . ပင်းတဲ့ လူက ခပ်တိုးတိုးပြောတော့ ကြားသားပဲ”

“ဘာ . . . သားသမီးရှိမရှိမေးရအောင် ရှင်က ဘာမို့လဲ . . ရီးတီးယား တားတော့ မလုပ်နဲ့ နော်”

“ဟာကွာ . . . ရှုပ်ကုန်ပြီ”

ဆက်က ဆိုင်းထမ်းကို ပြန်တပ်မည် ပြင်လိုက်သည် ။

ပပက ဖျတ်ခနဲ လှမ်းဆွဲကာ

“အံမယ် . . . ရှင်က ဝင်တိုက်ပြီးတော့ ဒီလို ဖုတ်ဖတ်ခါထသွားလို့ ရ မလား . . . ရှင့်ကြောင့် ကျွန်မ မုန့်ထုပ်ကျသွားပြီး အဲဒါပြန်လျော်ပေး”

“ဘာဆိုင်လို့ လျှော်ပေးရမှာ လဲ”

“ဟမ် . . .”

ဒီမိန်းမ နားလေးနေမှန်း သဘောပေါက်သွားပြီမို့ ဆက်ကာလေသံကိုမြှင့်

“ငါကဖယ်ခိုင်းသားနဲ့ မင်း မဖယ်တော့ လျှော်မပေးနိုင်ဘူး”

“ဘာ . . ဘာ . . ဘာဖယ်ခိုင်းတာလဲ ရှင့်လမ်းကြောင်းမှာ ဘယ်သူမဆို တာဝန်သိသိ ဖယ်ရှားရအောင် ရှင်က မီးသတ်ကားမှ မဟုတ်တာ၊ မရဘူးနော် . . . ဒီကမုန့်ထုပ်ကို အသစ်ပြန်ဝယ် ပေး . . . မပေးရင် လုံးဝမသွားရဘူး”

ဆတ် စိတ်ညစ်သွားလေသည် ။

ငုံ့ကြည့်လိုက်တော့ မုန့်ထုပ်ဆိုတာကလည်း တန်ဖိုးသေးသေးမဟုတ်။

သူ့မှာ ခုမှ ထွက်လာတာ ဈေးဦးက မပေါက်သေး။

သားဦးဆိုတဲ့ ကောင် ခါတိုင်းဆို ဈေးဦးပေါက် အကြွေပြန်အမ်းဖို့ နှစ်ရာ သုံးရာတော့ ထည့်ပေးနေကျ။

ဒီနေ့ကျမှ သူ့ကို စိတ်ကောက်၍ ပိုက်ဆံထည့်ပေးဖို့ သတိမရဘူး။ ခက်သည် ။

“ဒီမှာ အစ်ကိုကြီး ရှောက်သီးသုပ် ရလားဟင်”

သူ အခက်အခဲဖြစ်နေတုန်း ကောင်မလေး သုံးယောက်ဝင်လာသဖြင့် ဆက် ဝမ်းသာအားရ ခုံလေးတွေ ချပေးရင်း . . .

“ရတယ် . . . ညီမလေး၊ ရှောက်သီးသုပ်ရော . . . ခေါက်ဆွဲ ကြာဆံ

အစုံရတယ်”

“ဒါဆို . . ကေသီ့ကို ရှောက်သီးသုပ်ပေးပါ”

“ငါကခေါက်ဆွဲသုပ်ပဲ စားမယ်”

“ငါမစားတော့ဘူးဟာ”

သုံးယောက်လုံးထိုင်၍ တစ်ယောက်ကမစား

“ကဲ . . . အားတော့နာပါတယ် ညီမတို့ ရယ် . . တစ်ရာလောက် အကြွေပါရင် ခဏပေးထား ပါလား”

“ဟုတ်ကဲ့ . . . ရော့”

“ဟဲ့ . . . နင်က အကြွေမဟုတ်ဘဲနဲ့ ငါပေးမယ်”

အလယ်က ကောင်မလေးဆီက တစ်ရာတန်လေးတစ်ရွက် ထွက်လာသည် ။ ဆက်က ယူ၍ မတ်တတ်လေး လက်ပိုက်ကြည့်နေသည့် ပပကိုမော့ကြည့်ကာ

“ရော့ . . ရော့ . .”

ပပက ပိုက်ဆံနဲ့ သူ့ကို ခပ်တည်တည်လေး ပြန်ကြည့်ကာ

“မပေးနဲ့ တော့လေ . . ကျွန်မ အသုပ်စားမယ်”

“ဘာ . . .”

ထပ်၍ အလုပ်ရှုပ်လာပြန်သဖြင့် ဆက် စိတ်မရှည်တော့ဘဲ ပိုက်ဆံကို ဆိုင်းထမ်းထမ်းပိုးပေါ် တင်ကာ အထုပ်ပြင်လိုက်သည် ။

ပပက သူမကို အဖက်မတန်သလို လုပ်သွားသည့် ဆက်ကို မကျေမနပ် ငုံ့ကြည့်နေကာ

"ရှင့်အသုပ်က တစ်ပွဲဘယ်လောက်မို့လို့ လဲ"

"နှစ်ရာ"

တမင် ကျယ်ကျယ်အော်ပြောပေးလိုက်သည် ။

ပပ မျက်နှာလေးတစ်ချက်တည်သွားကာ

"တစ်ပွဲထည့်ပေး"

အောက်ခုံတစ်လုံးဆွဲယူကာ ခပ်တည်တည် ဝင်ထိုင်လိုက်သဖြင့် ဆက် ဘာမှ မပြောသာတော့ ပဲ ကြည့်နေလိုက်ရသည် ။

"အို . . ဒီမှာ . . ရှင် . . . ရှောက်သီးကို ဒီလိုလှီးမချနဲ့ လေ . . အခိုးတွေ ပြန်ဝင်ပြီး ခါးကုန်မှာ ပေါ့၊ ပေး . . ပေး . ."

ပြောလည်း ပြောသည် ။ ပြန်လည်း ပြင်သည် ။

သူမက နောက်ကို ထလျှောက်လာကာ ဆက် လက်ထဲက ရှောက်သီးကိုဆွဲယူ၍ ထိပ်မှ နေ ထပ်ခြမ်းခြမ်းလိုက်သည် ။

နောက် နှစ်ခြမ်းထပ်ခြမ်းကာ သုံးစိတ်ကို လှီးခုံလေးနဲ့ အတူ ဘေးဖယ်ထားလိုက်ပြီး လက်ထဲ က တစ်စိတ်ကို အခွံနဲ့ အသား ခွာထုတ်လိုက်၏။

ပြီးတော့ အခွံကို ဆက် ရင်ခွင်ထဲပစ်ထည့်၍ ဓားပါးလေးနဲ့ ပန်းကန်တစ်ချပ်ကိုယူ၍ ခုံမှာ သွားပြန်ထိုင်သည် ။

"ရှင်က ဘာလိုက်ကြည့်နေတာလဲ ပြင်လေ"

"ဘာပြင်ရမှာ လဲ"

ပပက ဆက် ဘာပြောမှန်းသိရအောင် ဆက်ရဲ့ ပါးစပ်ကို သေချာလိုက်ကြည့်နေကာ

“ရှင်ကလေ စျေးသည် လုပ်စားနေပြီး ဘာလုပ်ရမှာ လဲတဲ့ ၊ ရှင် ကြက်သွန်လှီး၊ ရေစစ်၊ ပုစွန်ခြောက် ဘာညာ အဆာပလာထည့်ထား၊ ရှင်ပြီးတာနဲ့ ဒီကပြီးမှာ အတော်ပဲ၊ ပြီးတော့ ရောနယ်ရုံ ပဲလေ”

“ဟုတ်သားပဲ . . . အစ်ကိုကြီးရဲ့ လုပ်ပါ၊ ကေသီတို့ ဆာလှပြီ”

“ဟုတ်တယ်၊ ဒီက ခေါက်ဆွဲစားတဲ့ လူက ပြီးတော့မယ်၊ ရှောက်သီးသုပ်က မရသေးဘူး”

ကောင်မလေးတွေ တစ်ယောက်တစ်ပေါက် ဝင်ပြောကြမှ ဆက် အသုပ်ဆက်ပြင်ရသည် ။

သူ့မျက်လုံးတွေကတော့ ရှောက်သီးလွှာကို ကျောဘက်ကခွဲကာ အတွင်းက အလွှာကြည် ကြည်လေးတွေကို သေသပ်စွာ ဖဲ့ချနေသည့် ပပလက်ကိုပဲ မကြာခဏ လှမ်းကြည့်နေမိသည် ။

သူ စျေးရောင်းတာတော့ ဟိုဟာရောင်း၊ ဒီဟာရောင်းနဲ့ စုံနေပေမယ့် အသုပ်စုံရောင်းတာက ဒီနေ့မှ နှစ်ရက်ပဲရှိသေးသည် ။ စျေးကတော့ ရောင်းကောင်းပါရဲ့ ။

မနေ့ကဆို ရှောက်သီးသုပ်ပြင်ပေးသမျှ ခါးတယ်ချည်း ပြောကြသဖြင့် သူ့မှာ ရှောက်သီးကိုပဲ လက်ပစ်ဗုံးကြီးတစ်ခုလို ကိုင်ရမှာ ကြောက်နေခဲ့သည် ။

ဒါပေမဲ့ ရောင်းရများ တာကလည်း ရှောက်သီးသုပ်ပဲမို့ ဒါကိုလည်း မပစ်နိုင်။

ထို့ကြောင့် ဒီမိန်းမကို ဆရာလည်း မတင်ချင်။ ကိုယ့်မှာ လည်း မှတ်သားရမည့်အနေအထားမို့ လှမ်းကြည့်နေရခြင်း ဖြစ်သည် ။

တကယ် ဆရာပါပဲ။

ထူးဆန်းအံ့ဩစွာ . . .

"ရှောက်သီးသုပ်ကတော့ ရှယ်ပဲ"

ဟု ချီးမွမ်းသံ ထွက်လာခဲ့၏။

"ငါ့ခေါက်ဆွဲသုပ်ကတော့ နနွင်းမှုန့်စော် နည်းနည်းနံတယ်"

တစ်ယောက်က ပြော၏။

ပပက ပြောသည့်ကောင်မလေးပါးစပ်ကို သေချာငုံ့ကြည့်နေကာ

"ဘာဖြစ်လို့ လဲ"

ဟု ထပ်မေး၏။

"နနွင်းစော်နံလို့ "

ဟု တစ်ယောက်ကလည်း ထပ်ပြော၏။

နှာခေါင်းလေးပါ ရှုံ့ပြသဖြင့် ပပ နားလည်သွား၏။

"ညီမလေးက နံနံပင် မကြိုက်ဘူးလား"

"ကြိုက်တယ်"

"ဒါဆို နံနံပင်လေး နည်းနည်းထပ်ထည့်ပြီး ငရုတ်ဆီလေးနဲ့ ပြန်နယ်ပေးလိုက်ပါ၊ နနွင်းစော် မနံတော့ဘူး"

ဆက်က သူမပြောတဲ့ အတိုင်း လုပ်ပေးတော့ အဆင်ပြေသွား၏။

"အစ်ကိုကြီးကလည်း ဈေးရောင်းပြီးတော့ လုပ်လည်း မလုပ်တတ်ဘဲနဲ့ ၊ အစ်ကိုကြီးမိန်းမကို ပဲ ရောင်းခိုင်းပါလား၊ အစ်ကိုကြီးက ဘေးက ထိုင်နေပေါ့"

"ဟုတ်တယ် . . . ဒီက အစ်မသုပ်ပေးရင် ပိုစားကောင်းမှာ "

တကယ့်ကွိုင်ပါလား။

ဆက် မျက်နှာပူပူနှင့် အမျိုးသမီးကို လှမ်းကြည့်၏။

ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ သူမအတွက် ခေါက်ဆွဲသုပ်တစ်ပွဲ ပြင်ပေးလိုက်မိသည် ။

ထို့နောက် မနေနိုင်စွာ အသံကိုနှိမ့်၍

"သူက ကျွန်တော့်ညီ့သည် ပါ၊ ဘာမှ မတော်ပါဘူး"

ဟု လည်း ကောင်မလေးတွေကို ရှင်းပြလိုက်မိသည် ။

"အယ် . . ."

ကောင်မလေးတွေ ဇက်ပုတာ စားသောက်ပြီးတော့ ပြုံးစိစိ ထွက်သွားကြလေသည် ။

ခပ်လှမ်းလှမ်းကျမှ ဝါးခနဲရယ်သံကို ကြားလိုက်ရ၏။

"ကဲ . . . စားပြီးပြီလား၊ ပြီးရင် ပိုက်ဆံပေး"

"ဟမ်"

"ပိုက်ဆံပေးလို့ ပြောတာ"

အသံမြှင့်ပြောမှ ကြားသွားပုံရကာ

"ရှင်က တော်တော်ကျေးဇူးကန်းတဲ့ လူပဲ"

"ဘာ . . ."

"ရှင့်ကို ကျွန်မ ကူညီလိုက်တာ တစ်ရာမက တန်တယ်နော်"

“မင်းက မပေးချင်တော့ဘူးပေါ့”

“ဘာရယ်”

ဆက် စိတ်ပျက်သွားကာ ခေါင်းခါလိုက်ပြီးမှ . . .

“မင်း မပေးချင်ဘူး မဟုတ်လား၊ ပြန်တော့”

“မပေးချင်တာ မဟုတ်ဘူး ရှင့်၊ ပေးစရာမှ မရှိတဲ့ ဟာကို”

“ဟင်”

အမျိုးသမီးက သေချာကြည့်တော့ ညစ်ထပ်ထပ် ခပ်နွမ်းနွမ်း ပုံစံထဲကနေ နုထွေးပြည့်တင်း သော နှုတ်ခမ်းသားလေးများ နှင့် လုံးချွန်နေသည့် နှာတံလေးက ထင်းကာ အတော်လေးကြည့် ကောင်းနေတာကို သတိထားမိလိုက်၏။

သူမက ဆက်ကို ခပ်ဝဲဝဲပြန်ကြည့်၍

“ကျွန်မ မှာ တကယ်ကို ပိုက်ဆံတစ်ပြားမှ မပါဘူးရှင့်၊ ထပ်ရဖို့လည်း မရှိဘူး၊ အဲဒါကြောင့် တစ်နေ့လုံးစာ စားထားရမယ့် ကျွန်မမုန့်ထုပ်ကျသွားတော့ ရှင့်ကို မုန့်ထုပ်ဖိုး အတင်းပြန်တောင်းရ တာ”

“မင်းမှာ လူကြီးမိဘ မရှိဘူးလား”

“ရှိတာပေါ့၊ ဒါပေမဲ့ ကျွန်မက အိမ်က ထွက်ပြေးလာတာ”

“ငွေမပါဘဲ ပြေးရသလား၊ မင်း ဒီလောက်ပဲမိုက်ရသလား”

“ရှင်မသိပါဘူး”

“သိလည်း မသိချင်ပါဘူး၊ ကဲ . . . မယ်မင်းကြီးမ၊ ကွာတော့”

သူ့မှာ စကားကို အော်ပြောနေရသဖြင့် ပတ်ဝန်းကျင်ကိုလည်း ကြည့်

ရ။ ကိုယ့်ဟာကိုယ် လည်း စိတ်ကမောကာ ဆက်၍ ပြောချင်စိတ်မရှိတော့ပေ။ ထိုနေရာမှ ထဖို့ လည်း ပြင်လိုက်မိ၏။

သို့သော် ယောက်ျားကြီးလေးယောက်က အင်းလျားကန်ဘောင်ပေါ်မှ ဆင်းလာကြကာ

"အသုပ်သည် နေပါဦးကွာ"

ဟု လှမ်းတားကြ၏။

ပြီးတော့ ရှောက်သီးသုပ်လေးပွဲနဲ့ ကြာဆံချက်နှစ်ပွဲမှာ ကြ၏။ ဒါကိုလည်း မရွှေစာက သူပဲ ဆရာကြီး။

ဟိုဟာ ဝင်လုပ်။ ဒီဟာ ဝင်ပါ။

ဝင်လုပ်ပေးသမျှကလည်း အစပ်အဟပ် အဆင်ပြေနေသည် မို့ သူ့မှငြိမ်နေရ၏။

"အစ်ကိုရေ . . . ခေါက်ဆွဲသုပ်တစ်ပွဲလောက်ဗျာ"

"ကျွန်တော့်ကို ကြာဆံဟင်းခါးတစ်ပွဲ"

လူတွေ တစ်သုတ်ပြီးတစ်သုတ် ကျလာသည် ။

ရှေ့က မပြီးသေးဘဲ နောက်ထပ်တစ်ဝိုင်းအုံလာတော့ ဆက်တစ်ယောက်တည်း ဘယ်လိုမှ မနိုင်တော့ပေ။

"ကဲ . . . ရှင်ဖယ်ပါ၊ ယောင်နေတာနဲ့ မပြီးတော့ဘူး၊ ဘေးကနေပြီး လိုအပ်တာပဲ လုပ်ပေး"

ပပက ဆက် ဈေးမရောင်းတတ်တာကို သိသွားကာ သူမပဲ ဇွတ်ဝင်ရောင်းပေးတော့သည် ။

ဘယ်လိုမှ မထင်မှတ်သောနေရာမှာ အသုပ်က ကုန်သလောက်ဖြစ်

သွား၏။

"ဟာ . . . ကိုကြီးဆက်၊ တယ်ဟုတ်ပါလား၊ ကျွန်တော်က ဟိုမှာ စောင့်နေတာ၊ မလာပါ မလာပါနဲ့ ၊ ဘာများ ဖြစ်သလဲလို့ ထလိုက်လာတာ"

အသားမည်းမည်း၊ အနည်းငယ်သွားခေါသော ခပ်ထွားထွား ကောင်လေးတစ်ယောက် ဆိုင်းဘုတ်ပြားလေး တစ်ချပ်ကို ကိုင်ကာ ရောက်လာ၏။

ဆိုင်းဘုတ်ပေါ်မှာ စားစရာဈေးနှုန်းများကို ရေးထား၏။

"ဒင်း ထလာကြည့်ဖော်ရတာ တော်သေးတာပေ့ါ"

"ဒါကတော့ ကိုကြီးဆက် . . ."

သားဦးက ဆိုင်မှာ လုပ်ကိုင်ပေးနေသော ပပကို ခုမှ သတိထားမိသွားကာ

"ဟာ . . . ဘာလဲ အစ်ကိုကြီးဆက်က ကျွန်တော့်ကို ရှံပြီး အလုပ်သမားခေါ်ပစ်လိုက်တာပေ့ါ . . . တောင်းပန်ပါတယ်ဗျာ . . . တစ်လောကလုံး ပြောင်းဆန်မသွားချင်ရင် ခွင့်လွှတ်လိုက်စမ်းပါ"

"လျှောက်ပြောမနေနဲ့ . . နောလေး . . ဘာမှ မဆိုင်ဘူး"

"ဟင်. . . ဒါဆိုဘာလဲ၊ ချက်ချင်းလက်ငင်း မိန်းမယူပစ်လိုက်တာလား . . . အဲဒါလည်း မသင့်တော်ဘူးဗျာ . . . တားတယ်"

သားဦးဆိုတဲ့ ကောင် လျှောက်ပြောနေသမျှ ဟိုတစ်ယောက်က နားမကြား၍ သာ တော်တော့ သည် ။

နေရာမှ ထဖို့ အားလုံးသိမ်းပြီးတော့ ဆက်က ငါးရာတန်တစ်ရွက်ကို ပပကိုပေး၍

“ကဲရော့ . . . မင်းကိုကျေးဇူးတင်ပါတယ် . . . သွားလို့ ရပြီ”

“ဟမ် . . .”

“ပြန်လို့ ရပြီလို့ ပြောတာ”

သူက အသံမြှင့်အော်ပြောလိုက်သဖြင့် သားဦးက သူတို့ ကို နားမလည်သလိုကြည့်ရင်း မေးဆတ်ပြသည် ။

သူက လက်ညှိုးကို နားနားမှာ ထောက်၍ ကွင်းဝိုင်း လက်ခါပြတော့

“အံမယ် . . ရှင်က ကျွန်မ နားမကြားတာကို ပါးစပ်ကတော့ ပြောမပြဘဲနဲ့ ၊ ရှင်လုပ်ပုံက ဘေးလူမြင်ရင် ကျွန်မကို ဂေါက်လို့ ထင်ဦးမယ်”

ထိုစကားကြောင့် ဆက် ပြုံးစိစိဖြစ်သွား၏။

“မင်းနာမည်က ဘယ်သူတဲ့ လဲ”

“ပပ”

“ဘာမှာ နေတာလဲ”

“ဘယ်မှာ နေနေပေ့ါရှင်၊ နှိုက်နှိုက်ချွတ်ချွတ် မေးမနေပါနဲ့ ၊ ကျွန်မ အိမ်ကပြေးတာလား၊ လမ်းမှာ ကားမှောက်ပြီး သတိရတော့ နားလေးသွားတယ်၊ ရန်ကုန်ကို ရောက်အောင်လာတာက သူငယ်ချင်းနှစ်ယောက်ရှိလို့ လေ၊ ဒါပေမဲ့ ဒီကျတော့ တစ်ယောက်မှ မရှိကြတော့ဘူး၊ ယောကျ်ားရပြီး ပါသွားတဲ့ လူနဲ့ ၊ ဘယ်ကိုပြောင်းသွားမှန်း မသိတဲ့ လူနဲ့ ၊ အဲဒါကြောင့် ကျွန်မ စရိတ်လည်း ပြတ်၊ ငွေ လည်း ကုန်လို့ ဒုက္ခရောက်နေတာ၊ ရှင့်အိမ်ကို ကျွန်မ လိုက်မှ ဖြစ်မယ်”

“ဘာ . . . ဘယ်လိုကွ”

ဆက် ဒေါသလည်း ဖြစ်၊ လန့်လည်း လန့်သွားသည် ။

မလုပ်ဘူး မပြောနိုင်ဘူး. . .

"ဟုတ်တယ်လေ . . . ရှင်မေးလို့ ကျွန်မက ကျွန်မအကြောင်း ပြောပြရတယ် . . . စရိတ်ပြတ် တာ ဒုက္ခရောက်တာတွေ၊ သူများ တွေလည်း ကြားကုန်မှာ ပေါ့ . . . ကြားတော့ ကျွန်မမှာ အန္တရာယ် ရှိနေပြီ၊ ဒါကြောင့် မေးတဲ့ ရှင့်မှာ တာဝန်ရှိတယ် . . . ရှင် ကျွန်မကို ခေါ်မသွားလို့ မရတော့ဘူး"

"အံမာ . . . အံမာ . . . နေပါဦး . . . မင်းက ငါ့ကိုကော မကြောက်ဘူးလား"

"မကြောက်ပါဘူး"

"ခွီး"

သားဦးက ပပ လက်ပိုက် မျက်နှာလေးချီထားပုံကို သဘောကျကာ ခွီးခနဲ ရယ်သည် ။

ဆက် မျက်နှာထားတင်းတင်းနှင့် လှမ်းကြည့်မှ မချိုမချဉ် မျက်နှာပိုးသတ်လေသည် ။

"ကျွန်မ လူယုတ်မာဆိုတဲ့ လူတွေကို မြင်ဖူးပါတယ်၊ ရှင်နဲ့ မှ မတူတာ၊ ကျွန်မက မီးဖိုချောင် ကိစ္စ၊ အချက်အပြုတ်၊ စားသောက်ဖွယ်ရာ အစုံလုပ်တတ်တယ် . . . အပြင်မှာ ရောင်းမယ်ဆိုရင် လည်း မုန့်အတော်များများ လုပ်တတ်သေးတယ် . . ပြီးတော့ ရှင့်မိန်းမကို ဘာမှ မလုပ်ရအောင် ကျွန်မက အလျှော်အဖွပ်ကအစ နိုင်နင်းပါတယ် . . . ကလေးတွေရှိရင်တောင်မှ "

"ဟိတ် . . . မင်းတော်တော့၊ အာသွက်လျှာသွက်နိုင်တဲ့ မိန်းမပါလား

. . . ထင်ရာတွေ စွတ် ပြောနေတာပဲ”

“ကိုကြီးကလည်း ဗျာ . . . ကျွန်တော်တို့ မှာ လည်း အလုပ်သမားခေါ်ဖို့ အစီအစဉ်ရှိတာပဲ . . . ကိုကြီးပဲပြောတော့ အစားအသောက်ရောင်းတာ ရောင်းကောင်းလာရင် အလုပ်သမားမရှိဘဲ မနိုင်ဘူး ဆို”

“မင်း အသာနေစမ်းပါ”

“နေလို့ ရမလား ကိုကြီးဆက်ရ၊ သူလည်း ဒုက္ခရောက်လို့ ပဲဟာ၊ သနားပါတယ်၊ ငွေလည်း မရှိဘူး၊ နေစရာလည်း မရှိဘူး၊ မတွေးရဲစရာကြီး ”

“သူ့ဟာသူတောင် မိဘကို ပုန်ကန်လာသေးတာကို”

“ဒါကတော့ သူ့မှာ ပုန်ကန် လာလောက်စရာအကြောင်းရှိမှာ ပေါ့ . . . ခေါ်ခဲ့ပါဗျာ . . . ကျွန်တော်တို့ လုပ်ကိုင်နေရတာ စမ်းတဝါးဝါးနဲ့ . . . မိန်းမတစ်ယောက်ရှိတော့ အများကြီးအဆင်ပြေ သွားမှာ ပါ”

“သူ ဘာဖြစ်လာမှန်း မင်းသိလို့ လား”

“ကဲပါ. . . ကိုကြီးဆက် မေးကြည့်လေ၊ ကျွန်တော်ကတော့ ဒီမိန်းမနဲ့ သဘောတူတယ်ဗျာ”

“ဘာကွ . . .”

“ဘာကွ . . .”

“ခေါ်ခဲ့ဖို့ ကိုပြောတာ”

သားဦးက လူကသာ ဆယ့်ငါးနှစ်၊ ခေါ်တော့ ကိုကြီးတဲ့ . . . တစ်ခါ တစ်ခါ ကိုကြီးဆက်တဲ့ . .

ပြောတာကျတော့ ဘယ်တော့မှ ခေါင်းညိတ်နာခံသွားသည် မရှိ။ သူ

ပဲ . . ဆရာကြီး . . .

ပပဆိုတဲ့ မိန်းမနဲ့ များ ပေါင်းမိသွားလျှင် သူလွယ်မှာ မဟုတ်။ သို့သော် ပပ သူ့အိမ်ကို ပါလာခဲ့ ပါသည် ။

"ဟင် . . အိမ်လေးကလည်း ကျဉ်းကျဉ်းလေးပါလား"

ဆယ်ပေသာ ကျယ်သော အခန်းလေးကို ဝင်မိသည် နှင့် ပပ နှာခေါင်းရှုံ့လေသည် ။

သူ့အိမ်သူရာအတိုင်း နောက်ဖေးကို တန်းဝင်သွားကာ ခပ်တိုးတိုး လျှောက်သာရုံသာ အိမ် ခန်းလေးကို ဝေဖန်တော့သည် ။

"ကျဉ်းလိုက်တာရှင် . . . အခန်းလေးတစ်ခန်းနဲ့ မီးဖိုချောင်ပဲ ရှိပါလား . . . ရှင်က မိန်းမ မရှိဘူးပေါ့"

ဆက် ဒေါသထွက်လာသည် နှင့် . . .

"ဟုတ်တယ် . . မိန်းမ မရှိဘူး . . သူက အိမ်ရှေ့မှာ အိပ်တယ်၊ ငါက အခန်းထဲမှာ အိပ်တယ် မင်းအပြင်မှာ သူနဲ့ ပဲ အိပ်ရဲရင် . . ."

"ရှင် . . . ရှင်နော်"

ခပ်ပြောင်ပြောင် ခပ်ရွှဲ့ရွှဲ့ချည်း ပြောလာခဲ့သော မျက်နှာလေးက ချက်ချင်းရဲတွတ်ကာ နှုတ်ခမ်းကလေး ပွင့်ဟသွားပုံက ဘယ်လိုပုံစံလေး ဖြစ်သွားမှန်းမသိဘဲ ဆက်ငေးကြည့်ဖြစ်သွား သည် ။

ပပက သူတို့ နှစ်ယောက်နဲ့ အိမ်ခန်းကိုဝေ့ကြည့်ကာ နှုတ်ခမ်းကလေး မဲ့ခနဲဖြစ်သွားပြီး မျက်ရည်တွေ ချက်ချင်းပြည့်ဝိုင်းလာ၏။

"ရှင် . . ဒုက္ခရောက်လာတဲ့ မိန်းကလေးတစ်ယောက်ကို အဲဒီလိုပြောရက်တာ အံ့သြတယ် သိလား"

"ပြောစရာမို့ ပြောတာပေါ့ကွ . . . မိန်းမ မရှိတဲ့ အိမ်မှာ မင်းမနေဝံ့ရင် ထွက်သွားလို့ ရအောင် ကြိုပြောတာ၊ နောက်တော့မှ မင်း ဂဂျီဂချောင် ပြောတာကို ငါကမခံနိုင်ဘူး"

ပပက စီးကျလာသည့် မျက်ရည်ကို လက်ခုံနဲ့ သုတ်ပစ်လိုက်၏။ ထို အခါ မျက်ရည်နှင့်လူး၍ မဲပျစ်ပျစ်အရည်တွေ ဖြစ်ပေါ်လာကာ မျက်နှာ တစ်ပြင်လုံး ညစ်ပတ်ပေပွသွား၏။

ဒီလောက်တောင် ညစ်ပတ်ရသလား . . .

ဆက် မျက်နှာရှုံ့မဲ့သွားကာ သားဦးက ရယ်သည် ။

ပပက သူ့ကိုယ်သူမသိ။

"ကျွန်မ ဒီမှာ ပဲနေမယ် . . . ရှင်အပြင်ထွက်အိပ်ပေး"

"အံမာ . . . ညော့်သည် က ညော့်သည် စကားမပြောဘူး"

"ရှင် . . . ဘာပြောလိုက်တာလဲ"

"ထွက်အိပ်မပေးနိုင်ဘူး"

ဆက်က နားနားကပ်၍ အော်လိုက်သဖြင့် ပပ ပခုံးလေးတွန့်သွား ကာ

"တိုးတိုးပြောပါ၊ ကျွန်မ ဒီလောက်မကန်းပါဘူး"

"သြော် . . သြော် . . ကန်းတယ်မှတ်လို့ ပါ"

မျက်ရည်တွေ လူးနေသည့်ကြားမှ ရှည်လျားကော့နက်နေသော မျက်တောင်ထူထူတွေကို စိုက်ကြည့်ကာ ဆက်က ပပကို အမှတ်တမဲ့ မဟုတ်တော့ဘဲ ဂရုစိုက်၍ ကြည့်သည် ။

ညိုမည်းမည်း ကြေးညှော်များ အောက်မှ ဖြူဥသော မျက်နှာပြင်နုနု

လေးကို တစ်စွန်းတစ်စ မြင်လာရ၏။

မျက်ဝန်းအောက် ပါးမို့မို့နှစ်ဖက်အပေါ်မှာ အရစ်ကြောင်ကလေး တွေပါလား။ အတော်ချစ်ဖို့ ကောင်းသည့် မျက်နှာလေးဖြစ်သည် ။

ချွေးစဖြင့် ထူပြားသော မျက်ခုံးမည်းမည်းကြီးက သေချာစိုက်ကြည့်မှ တကယ့်မျက်လုံးမွေးမဟုတ်ဘဲ ခဲတံနဲ့ ဆွဲထားမှန်းသိရ၏။

ချွေးထွက်အောင် ဆော့တယ်ပြောရဖို့ က သူမ ကလေးမှ မဟုတ်ဘဲ။ ဒီအမည်းအညစ်တွေက တမင်ရုပ်ဖျက်ထားတာတွေလား။

"ဘာလဲ . . မင်းကစုံထောက်လား . . . စုံထောက် ဆိုရင်တော့ မင်းစုံထောက်ရမယ့်အိမ်မှား ပြီထင်တယ် . . . ငါတို့ က အရိုးခံလေးတွေရယ်"

"ဟမ် . . ."

ဒုက္ခပါပဲ . . . ဒီနားကရော ကန်းချင်ယောင်ဆောင်နေတာလား။

မော့ကြည့်နေသည့် မျက်နှာလေးကို သူက ခပ်စူးစူးပြန်ကြည့်၍

"မင်း တော်တော်ချစ်ဖို့ ကောင်းပါလား . . . သိပ်လှတာပဲ"

"ဘာ . . ရှင် . . ဘာပြောတယ် . . ဒီအချိန်မှာ ရှင် ဒီစကားမျိုး ပြောသင့်သလား"

"ဩော် . . ဩော် . . ဒါတော့ကြားသလားပဲ . . နေပါဦး . . မင်းတစ်ကိုယ်လုံး ရိုးသားတာ ဘယ်နေရာရှိလဲ"

ပပက ဆက်ရဲ့ ပါးစပ်ကို သေသေချာချာကြီး စိုက်ကြည့်နေသဖြင့် ဘာပြောသည် ကိုလည်း သိ၊ သူရုပ်ဖျက်ထားတာကို ဆက်သိသွားပြီမှန်းလည်း သဘောပေါက်သွားကာ မျက်နှာလေးတည်သွား ၏ ။

“ကျွန်မ . . ကျွန်မ တကယ်နားမကြားတာပါရှင် . . .”

ဆက်က နှုတ်ခမ်းမဲ့၍ လက်ထဲက လက်သုတ်ပဝါအထပ်ကို ကြမ်းပေါ်ပစ်ချလိုက်ကာ

“ထားပါတော့ ရုပ်ဖျက်ထားတာကရော”

“ဟင် . . .”

“မင်းမျက်နှာကြီးကို ဖျက်ထားတာကိုပြောတာ”

မျက်နှာကို ပုံစံလုပ်ပြလိုက်တော့ ပပက သူမမျက်နှာကို ပြန်ကိုင်၍

“အဲဒါက ဟို အန္တရာယ်ကင်းအောင်လို့ ပါ”

“လှလှ မလှလှ မင်းအသက်အရွယ်နဲ့ အန္တရာယ်ရှိမယ်ဆိုတာ မင်းမတွေးမိဘူးလား”

“တွေးမိပါတယ်၊ ဒါပေမဲ့ လာခဲ့တုန်းကတော့ ရန်ကုန်မှာ သူငယ်ချင်းနှစ်ယောက်တောင် ရှိတယ်ဆိုတော့ အဆင်မပြေစရာမရှိဘူးလို့ တွက်တာကိုး”

“ဒါဆို၊ ခု . . ငါတို့ နဲ့ မတွေ့ရင် မင်းဘယ်လိုလုပ်မလဲ”

“ဟမ် . . .”

“ခက်တာပဲ၊ စကားပြောရတာ အဆင်မပြေလိုက်တာ”

“ပြေပါတယ်၊ ရှင်စကားတိုးတိုးပဲပြောပါ၊ အရမ်းအော်ပြောရင် မကြားတော့ဘူး၊ ပြီးတော့ ဖြုန်းခနဲ လှမ်းပြောတာမျိုးလောက်ပဲ မကြားတာပါ၊ ဂရုစိုက်နားထောင်ကြည့်ရင် ရပါတယ်”

“အင်း . . အင်း . . ကဲပြော . . အခု မင်း ဘယ်လိုလုပ်မလဲ”

“ဒီမှာ နေမယ်လေ”

“မင်းက ဘယ်ကလဲ”

“မမေးပါနဲ့ ရှင် . . ကျွန်မကို လက်ခံထားတဲ့ အတွက် ရှင်တို့ ဘာပြဿနာဆိုးဝါးမှုမှ မဖြစ်စေ ရပါဘူး၊ နောက်ပိုင်းလည်း ဘာအရှုပ်အထွေးမှ မရှိစေရဘူးဆိုတာ ကျွန်မကိုယ်ကျွန်မ အာမခံပါ တယ်”

“မင်း ရာဇဝတ်ကောင် ဘာညာတော့ မဟုတ်ပါဘူးနော်”

“လုံးဝမဟုတ်ပါဘူး . . . ကျွန်မ မိကောင်းဖခင် သားသမီးပါ”

ပပက ဘာမှ ထပ်မပြောချင်တော့သည့်ပုံစံနှင့် အပြင်ထွက်သွားကာ ဆိုင်းထမ်းပေါ်က အိုးခွက်ပန်းကန်တွေကို ရေစည်နားထိ သယ်ချသွား၏။

ပြီးတော့ ဆေးစရာရှိတာဆေး၊ သွန်သင့်တာသွန်ကာ သူတို့ ကို လှည့်မကြည့်တော့ပေ။

မီးဖိုချောင်အလုပ်ကို စိတ်မဝင်စားတတ်ကြသော ယောကျာ်းလေးတို့ သဘာဝအတိုင်း သားဦးက သဘောတကျပြုံးရယ်ကာ

“ဟေး ဟေး . . . သားဦးတို့ ဒီနေ့ကစပြီး သက်သာပြီကွ”

* * *